# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး

# (၂၁)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၆–၆–၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်နု(ခ)ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ်၊ ရဲကျွန်းပေါ်ရှိ ပြည်သူများလုံခြုံမှုအတွက် ရဲစခန်း သို့မဟုတ် ရဲကင်း ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်၊ ညောင်ဘီး ကျေးရွာတွင် အမြဲတမ်းရဲစခန်းခွဲ သို့မဟုတ် ရဲကင်းအဖြစ် သတ်မှတ်ထားရှိပေးရန်အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၏ **ပြည်သူ့ရဲတာပ်ဖွဲ့များအား လုံလောက်သော လက်နက်ကိရိယာများ၊ ဆက်သွယ်ရေးစက်များ၊ နည်းပညာများ၊ မော်တော်ယာဉ်စက်သုံးဆီများ၊ ယူနီဖောင်းများ၊ ရိက္ခာများ ဖြည့်တင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်၏ **ရခိုင်ကမ်းလွန်မှ Gas ၁၂ ဘီလီယံ ကုဗပေကို တရုတ်နိုင်ငံသို့ နှစ်စဉ်ရောင်းချရန် စီမံကိန်း ကာလ နှစ်(၃၀)အတွက် ကတိကဝတ်ပြုထားသော ၇၉၃ ကီလိုမီတာရှည်သည့် မြန်မာနှင့်တရုတ် သဘာဝဓာတ်ငွေ့ သွယ်တန်းမှုနှင့် ပတ်သက်၍ တစ်နှစ်တွင် Gas ရောင်းရငွေမည်မျှရှိပြီး အမြတ် မည်မျှရှိပါကြောင်း နှင့် ရှမ်းပြည်နယ်လွှတ်တော်တွင် အတည်ပြုပြီးသော Gas ရောင်းရငွေ အမြတ် ၅ % ကို ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ မည်သည့်အချိန်တွင် ထည့်သွင်းရေးဆွဲချမှတ်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ်၊ အုတ်တွင်းအုပ်စု အတွင်းရှိ ကျေးရွာများအား လျှပ်စစ်ဓာတ်အား ဆက်သွယ်တပ်ဆင် ဆောင်ရွက်ပေးနိုင်ရေးအတွက် ထရန်စဖော်မာနှင့် 11 KV လိုင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်အေး၊ နတ်တလင်း မဲဆန္ဒနယ်၏ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနရှိ လက်ထောက်ကြီးကြပ်ရေးမှူး မြို့နယ်အဆင့်မှ အငယ်တန်း အင်ဂျင်နီယာ(၂) ရာထူးသို့ တိုးမြှင့်ပေးရန် ၂၀၁၆ ခုနှစ်၊ ဇွန်လအတွင်းက လူတွေ့စစ်ဆေးမှုကို ဖြေဆိုထားသူ (၁၀၄)ဦးမှ အရည်အချင်း ပြည့်မီသူ များကို ရာထူးတိုးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယနေ့ ကောက်ယူနေသော လျှပ်စစ်မီတာခကို သင့်တင့်မျှတသော ဈေးနှုန်းသို့ ပြောင်းလဲသတ်မှတ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရန်ကင်းမြို့နယ် အပါအဝင် မြို့နယ်အချို့၏ လျှပ်စစ်**

**ဓာတ်အားဖြန့်ဖြူးရေးနှင့် လျှပ်စစ်ဓာတ်အားခ ကောက်ခံခြင်း လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ပုဂ္ဂလိကသို့ ငှားရမ်းဝန်ဆောင်မှု ပေးနေခြင်းနှင့် ပတ်သက်၍ ကန်ထရိုက်စာချုပ်ပါ အချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစွာ ချပြနိုင်ခြင်း ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"တရားခံ လွှဲပြောင်းရေး ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"တရားခံ လွှဲပြောင်းရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှု ရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၂။ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေ မဲဆန္ဒနယ်က တင်သွင်းသည့် **"ရှမ်းပြည်နယ်၊ ညောင်ရွှေ မြို့နယ်ရှိ အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် အစိုးရ၊ ပြည်သူ အားလုံးပါဝင်သော စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဒေါ်သန်းငွေ၊ တောင်ကြီး မဲဆန္ဒနယ်၊

(ခ) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၊

(ဂ) ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်၊ မိုးကုတ် မဲဆန္ဒနယ်၊

(ဃ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၊

(င) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(စ) ဒေါ်နန်းခင်စော၊ ကွန်ဟိန်း မဲဆန္ဒနယ်၊

(ဆ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

(ဇ) ဒေါ်ပြုံးကေသီနိုင်၊ ကလော မဲဆန္ဒနယ်၊

၁၃။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။